# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စိုက်ပျိုးရေးဦးစီးဌာန

## တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်သွားနိုင်ရန် အကြံပြုတင်ပြလိုသည့် သုတေသနလုပ်ငန်းများ

၃၀.၄.၂၀၁၉

# စိုက်ပျိုးပညာပေး ဝန်ဆောင်မှုတွင် လက်ရှိကျင့်သုံးနေသည့် Extension Communication Tools များအား ဆန်းစစ်လေ့လာဖော်ထုတ်စမ်းသပ်ခြင်း သုတေသန

| စီမံကိန်းဒေသ | နေပြည်တော်ကောင်စီနယ်မြေ |
|---|---|
| **စီမံကိန်းကာလ** | ၂၀၁၈-၂၀၁၉ မှ ၂၀၂၀-၂၀၂၁ ခုနှစ်ထိ |
| ရည်ရွယ်ချက် | (၁) Farmers’ Preference Communication Tools များအား ဖော်ထုတ်ရန်<br>(၂) တောင်သူများလက်ခံသည့် Tools များအား စမ်းသပ် ဆောင်ရွက်ရန် |
| ဆောင်ရွက်မည့် လုပ်ငန်းများ | (က) လက်ရှိစိုက်ပျိုးပညာပေးရေးတွင် အသုံးပြုနေသော Communication Tools များအပေါ် တောင်သူများလက်ခံကျင့်သုံးမှု အခြေအနေများအား ဆန်းစစ်လေ့လာသည့် စစ်တမ်းကောက်ယူခြင်း<br>(ခ) ရရှိလာသည့် ရလဒ်များအပေါ်အခြေခံ၍ အသင့်တော်ဆုံးသော Extension Communication Toolsများ ဖော်ထုတ်ခြင်း<br>(ဂ) နေပြည်တော်ကောင်စီရှိ Knowledge Center များတွင် ဖော်ထုတ်ရရှိသည့် Communicationများ အကျိုးရှိ/မရှိ စမ်းသပ်ခြင်း<br>(ဃ) ပညာပေးဝန်ထမ်းများအား လက်ဆင့်ကမ်းနိုင်ရန် |

# ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာများရှိ တောင်သူများ ၏ လူမှုစီးပွား အခြေအနေများ နှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု ဆိုင်ရာအချက်အလက်များကို ဆန်းစစ်လေ့လာခြင်း

| | |
|---|---|
| ဆောင်ရွက်မည့်ဒေသ | တစ်မြို့နယ်တစ်ရွာ စံပြကျေးရွာများ |
| ဆောင်ရွက်မည်ကာလ | ၂၀၁၉ ခုနှစ် (မိုးရာသီ) နှင့် ၂၀၁၉ ခုနှစ် (ဆောင်း)<br>၂၀၂၀ခုနှစ်(နွေရာသီ) |
| ရည်ရွယ်ချက် | (၁) တစ်မြို့နယ်တစ်ရွာ စံပြကျေးရွာများရှိ တောင်သူများ၏ လူမှုစီးပွားအခြေအနေများအား သိရှိနိုင်ရန်<br>(၂) အသုံးချသုတေသန လုပ်ငန်းများ ပိုမိုတိုးမြှင့် ဆောင်ရွက်သွားနိုင်ရန် |
| ဆောင်ရွက်မည့် လုပ်ငန်းများ | (က) ပိုင်ဆိုင်မှု၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ဝင်ငွေ<br>(ခ) သီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အချက်အလက်များ အပေါ် ဆန်းစစ်လေ့လာခြင်း |

မိုးရာသီ ကောက်ယူရရှိသည့် အချက်အလက်များအပေါ် အခြေခံ၍ ဆောင်း နှင့် နွေသီးနှံများတွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အသုံးချသုတေသန (Applied Research) များ ဆက်လက်ရေးဆွဲ ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

# တောင်ယာစိုက်ခင်းများတွင် စိုက်ပျိုးနည်းစနစ်ပြောင်းလဲခြင်းနှင့် ကြွက်ကျရောက်ဖျက်စီးခြင်း ဆက်စပ်မှုအား ဖော်ထုတ်ခြင်း သုတေသန

| ဆောင်ရွက်မည့်ဒေသ | ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ် |
|---|---|
| ဆောင်ရွက်မည့်ကာလ | ၂၀၁၈-၁၉ခုနှစ်၊ တတိယနှင့် စတုတ္ထသုံးလပတ်အတွင်း |
| ရည်ရွယ်ချက် | (က) စပါးအခြေခံသီးနှံစိုက်ပျိုးစနစ်တွင် ဖြစ်ပေါ်သော ကြွက် Outbreak ကျရောက်မှုများကို မဖြစ်ပေါ်မီကြိုတင်သိရှိပြီး သတိပေးချက်များ ထုတ်ပြန်ပေးရန်<br>(ခ) ကြွက်Outbreak ဖြစ်ပေါ်ခဲ့သော တောင်ယာစိုက်ခင်းများတွင် စိုက်ပျိုးနည်း စနစ်များ ပြောင်းလဲလာခြင်းနှင့် ကြွက်ကျရောက် ဖျက်စီးခြင်း ဆက်စပ်မှုများကို ဖော်ထုတ်ကာ ဒေသနှင့် သင့်လျော်၍ တောင်သူများ လက်ခံကျင့်သုံးနိုင်သော ကြွက် ကာကွယ်နှိမ်နင်းနည်းလမ်းများ ဖော်ထုတ်နိုင်ရန်<br>(ဂ) ဝန်ထမ်းများမှ တောင်သူသို့ ပညာပေးရုံသာမက တောင်သူမှ အခြားတောင်သူအချင်းချင်း ကြွက်ကာကွယ်နှိမ်နင်းရေး နည်းလမ်းများ လက်ဆင့်ကမ်းပူးပေါင်းဆောင်ရွက်လာနိုင်ရန် |

| | |
|---|---|
| ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ် | (က) ကြိုတင်သို့နိုင်းအစည်းအဝေးများကျင်းပခြင်း<br>(ခ) သန့်ရှင်းရေးလုပ်ငန်းများ၊ ထောင်ချောက်များထောင်ခြင်း၊ Reguge Habitat များဖန်တီး၍ ခိုအောင်းနေသော ကြွက်များအား ခြောက်လှန့် ခြင်း၊လူထုအင်အားဖြင့်နှိမ်နင်းခြင်း၊ လူနေအိမ် ပတ်ဝန်း ကျင်နှင့် သိုလှောင်ရုံများတွင် ကာကွယ်နှိမ်နင်းခြင်း<br>(ဂ) ဒေသခံဝန်ထမ်းများအား သင်တန်းပေးခြင်း<br>(ဃ) အတွေ့အကြုံနှီးနှောဖလှယ်ပွဲများဆောင်ရွက်ခြင်း<br>(င) အောင်မြင်နေသော ကျေးရွာများသို့ ကွင်းဆင်းလေ့လာခြင်း |
| ရရှိမည့်အကျိုး ကျေးဇူးများ | ကြွက်Outbreak ကျရောက်နိုင်သော အခြေအနေအကြောင်း အရင်းများ ဖော်ထုတ်နိုင်ပြီး ကြွက်Outbreak မဖြစ်ပွားအောင် ကြွက်ဦးရေအား အမြန်ဆုံးအချိန်မီ ထိန်းချုပ်နိုင်ခြင်း၊ ကြွက်ကျ ရောက်မှုနှင့် ပတ်သက်၍ အယူအဆလွဲများအား ဖြေရှင်းနိုင်ခြင်း၊ မှန်ကန် ထိရောက်သော ကြွက်ကာကွယ်နှိမ်နင်းနည်းစနစ်များကို တောင်သူများ လူထုအသွင်ဖြင့် ဆောင်ရွက်လာနိုင်ခြင်းတို့ကြောင့် ကြွက် အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ခြင်းနှင့် နှစ်စဉ် ကြွက် ဖျက်စီးမှုကြောင့် ဆုံးရှုံးလျော့နည်းလာပြီး တောင်သူများ ဝင်ငွေတိုးလာနိုင်မည်ဖြစ်ပါသည်။ |

# လမ်းညွှန်မှုခံယူအပ်ပါသည်။